**တိုင်းရင်းဆေးပညာဦးစီးဌာနသုံး တိုင်းရင်းဆေးခန်းသုံးဆေးဖုံ၊ ဆေးနည်းများတွင် ပါဝင်ဖော်စပ်ထားသော ဆေးမယ်များ၏ အလေးချိန်နှင့် အချိုးတို့ပေါ်မူတည်၍ ဆေးဖုံဆေးနည်း တည်ဆောက်မှုများကို လေ့လာခြင်း**

ဝင်းနိုင်၊ ဒုတိယပါမောက္ခ/ဌာနမှူး

ကလေးရောဂါပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်

တိုင်းရင်းဆေးပညာဦးစီးဌာနသုံး တိုင်းရင်းဆေးဖုံ(၅၇)ဖုံတွင် ပါဝင်သော ဆေးမယ်များ၏ အလေးချိန်နှင့်အလေးချိန်အချိုးအလိုက် ထည့်သွင်းတည်ဆောက်မှုကို လေ့လာပါသည်။ ဆေးဖုံအလိုက်ပါဝင်သော ဆေးမယ်များ အရေအတွက်၊ ထည့်သွင်းဖော်စပ်သော ဆေးမယ်တစ်ခုခြင်းစီသော်လည်းကောင်း၊ အုပ်စုခွဲ၍ သော်လည်းကောင်း အဆိုပါဆေးမယ် အုပ်စုတို့၏ အလေးချိန်များ၊ ဆေးနည်းတည်ဆောက်မှု အလေးချိန်များကို လည်းကောင်း နှိုင်းယှဉ်လေ့လာပါသည်။ ထိုသို့လေ့လာရာတွင် ဆေးအလေးချိန် အမျှစုစနစ်၊ ဆတိုးစနစ်၊ ဆပွားစနစ်၊ ကလာပ်ဆေးနည်းစနစ်၊ ကျပ်တိုးစနစ်၊ ကျပ်လျော့စနစ် စသည်တို့ဖြင့် တည်ဆောက်ထားသော ဆေးခန်းသုံးဆေးဖုံများကို အုပ်စုလေ့လာဖော်ထုတ် တင်ပြထားပြီး ရှေးတိုင်းရင်းဆေးစနစ် ဆေးနည်းဆေးဖုံ တည်ဆောက်မှုနည်းစနစ်များတို့ကို ပြန်လည်ဖော်ထုတ် တင်ပြထားသော စာတမ်းဖြစ်ပါသည်။